# ရှောင်ကြဉ်ရမည့်အချက်များ

၁။အလွန်စေးကပ်သောမြေနှင့်မညီညာသောသမန်းပြင်တွင် မျိုးစေ့ချကိရိယာအသုံးမပြုရပါ။





၂။မျိုးစေ့တစ်ဧကနှုန်းထား(၁.၅)တင်းထက်ပိုမသုံးရ ။



၃။မျိုးစေ့ပုံးထဲ မျိုးစေ့ထည့်ရာတွင် ပုံး၏သုံးပုံနှစ်ပုံထက်မပိုစေရပါ။(မျိုးညှောက်ဖောက်ရာတွင် အညှောက်မရှည်စေရန် သတိပြုရမည်။)





၄။မရိတ်သိမ်းမီ(၂)ပါတ်အလိုစိုက်ခင်းအတွင်းရေလုံးဝ မရှိစေရပါ။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စပါးသီးနှံဌာနခွဲ


# မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးရာတွင် စပါးစိုက်တောင်သူများ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ




ဆက်သွယ်ရန်

- စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၀၇၊ ဖက်စ် ၀၆၇-၄၁၀၁၃၈
- စပါးသီးနှံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)
  နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၇၀၊ ဖက်စ် ၀၆၇-၄၁၀၃၈၆



စပါးသီးနှံဌာနခွဲ မှ ဖြန့်ဝေသည်။

# လိုက်နာရမည့်အချက်များ

၁။တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၁-၁.၅) တင်း အသုံးပြု ရမည်။



၂။စိုက်ခင်းသမန်းမြေ ညီညာပြီး ရေပြောင်စင်အောင် ထုတ်ထားပြီးမှစိုက်ရမည်။ စိမ့်မြောင်း၊ပတ်မြောင်းများ ပြုလုပ်ထားရမည်။



၃။မျိုးစပါးကို စာပါးစပ်ပြုအနေအထားတွင် မျိုးစေ့ ချပါ။



၄။ မျိုးစေ့ချပြီးချိန်မှ (၅)ရက်အတွင်း ကြက်၊ ငှက် တိရစ္ဆာန်နှင့် ကြွက် ဖျက်ဆီးခြင်းများမှ ကြိုတင် ကာကွယ်ခြင်း များပြုလုပ်ရမည်။



၅။တစ်ဧကအတွက် မြေခံအဖြစ် သဘာဝမြေဩဇာ/ နွားချေးဆွေး(၁-၂)တန်နှင့် (၁၅-၁၅-၁၅) ကွန်ပေါင်း ဓါတ်မြေဩဇာ(၅၀)ကီလိုဂရမ်(၁)အိတ် အသုံးပြုပါ။ အပင်ပွားစည်းချိန်တွင် ပုလဲမြေဩဇာ(၁/၂)အိတ်/ဧက နှုန်း၊ အလံရွက်ထွက်ချိန်တွင် ပိုတက်ရှ်မြေဩဇာ (၁/၄) အိတ် နှုန်းကို ထည့်သွင်းပေးပါ။





၆။မျိုးစေ့ချပြီး (၂) ပါတ်အတွင်း ကောက်ပင်ဖာခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်။



၇။ပေါင်းလိုက်သမန်းနှိုး ကိရိယာသုံး၍ ပေါင်းမြက် နှိမ်နင်း ပါ ။



၈။ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းသည့် နည်း စနစ်များကိုလိုက်နာကျင့်သုံးပါ။




၉။ လေလွင့် ဆုံးရှုံးမှု နည်းစေရန် ရိတ်သိမ်းခြွေလှေ့ စက် အသုံးပြုပါ။

